# လူကုန်ကူးမှုကျူးလွန်သည့် အခြေအနေများဆိုင်ရာ မဟာဗျူဟာအစီရင်ခံစာ
# ထိုင်းနိုင်ငံငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံး

## ၁။ ထိုင်းနိုင်ငံအတွင်း လူကုန်ကူးမှု

လူကုန်ကူးမှုသည် အများပြည်သူတည်ငြိမ်အေးချမ်းမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှုတို့ကို ထိခိုက်စေပြီး လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် လူ့ဂုဏ်သိက္ခာတို့ကိုဆိုးဝါးစွာထိခိုက်စေသည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပြစ်မှုတစ်ခုဖြစ်ပါသည်။ အဆိုပါကိစ္စသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော အရေးပါသည့်ကိစ္စဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာပိတ်ဆို့မှုများကို ဖြစ်ပေါ် စေခဲ့သည်။ လူကုန်ကူးမှုအစီရင်ခံစာ (TIP Report 2019) တွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြင်ဆင်ထားသည့်အစီရင်ခံစာတွင် ထိုင်းနိုင်ငံအား ယခင်နှစ်များ အတိုင်းမပြောင်းလဲ ဘဲ Tier 2 အဆင့်တွင် ဆက်လက်ထည့်သွင်းထားသည်။ လူကုန်ကူးမှုအစီရင်ခံစာ (TIP Report 2019) ပါ နိုင်ငံများအပေါ် အဆင့်သတ်မှတ်ချက်မှာ ၂၀၀၀ ပြည့်နှစ်၊ လူကုန်ကူးခံရသူများ ကာကွယ်ရေး ဥပဒေ (TVPA) တွင် ဖော်ပြထားသော စံနှုန်းများအားလိုက်နာဆောင်ရွက်သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုအပေါ် အခြေခံထားသည်။

အထက်ပါဇယားတွင် ထိုင်းနိုင်ငံသည် လူကုန်ကူးခံရသူများကာကွယ်ရေးဥပဒေ (TVPA) ၏ အနိမ့်ဆုံးစံနှုန်းများကို သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုမရှိဘဲ အပြည့်အဝလိုက်နာ ဆောင်ရွက်ခြင်းမရှိသည့်နိုင်ငံအနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် Tier 3 (အနိမ့်ဆုံးအဆင့် ၃ ) ၌သာ ရပ်တည်ခဲ့ကြောင်း ပြသခဲ့သည်။ 2016 နှင့် 2017 ခုနှစ်တွင် US သည် ထိုင်းကို Tier 2WL သို့မဟုတ် Tier 2 Watch List သို့ အဆင့်မြှင့်ခဲ့ပြီး ထိုင်းအစိုးရအနေဖြင့် အနိမ့်ဆုံးစံနှုန်းများကို အပြည့်အဝ မလိုက်နာသော်လည်း ထိုစံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် သိသာထင်ရှား သော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း ဆိုးရွားသော လူကုန်ကူးမှု ပုံစံများဖြင့် ကျူးလွန်ခြင်းခံရသူအရေအတွက်မှာ သိသာစွာတိုးပွားလာခြင်း သို့မဟုတ် ဆိုးရွားသော လူကုန်ကူးမှုပုံစံများကိုတိုက်ဖျက်ရေး ပိုမိုကြိုးပမ်းအားထုတ်ရန်အတွက် သက်သေအထောက်အထား များ ပံ့ပိုးပေးရန်ပျက်ကွက်ခြင်းများရှိပါသည်။

၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် ထိုင်းနိုင်ငံသည် အနိမ့်ဆုံးစံချိန်စံညွှန်းများကို အပြည့်အဝ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံအမျိုးအစားဖြစ်သော Tier 2 အဆင့်သို့ အဆင့်မြှင့် တင်ပေးခဲ့ ပါသည်။ သို့သော်လည်း အဆိုပါစံနှုန်းများနှင့်အညီ ၎င်းတို့ကိုယ်တိုင်သိသာထင်ရှားသော ကြိုးပမ်းမှု များ ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးမှုအစီရင်ခံစာ (TIP Report 2019) သည် အာဆီယံနိုင်ငံ များတွင် လူကုန်ကူးမှုတိုက်ဖျက်ရန်အခြေအနေများနှင့် ကြိုးပမ်းမှုများကို ပြန်လည် သုံးသပ်ပြီး နိုင်ငံ များကို အောက်ပါအဆင့်တွင် ထည့်သွင်းဖော်ပြထားသည်။

အထက်ပါမြေပုံတွင်ဖော်ပြထားသည့်အတိုင်း ထိုင်းနိုင်ငံသည် စင်္ကာပူနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံ၊ တီမောလက်စတေနိုင်ငံတို့နှင့် အုပ်စုတစ်ခုထဲတွင် ထားရှိသည်။ အခြားသောနိုင်ငံများမှာ အောက်တွင်ဖော်ပြထားသည့်အတိုင်း အဆင့်အားဖြင့်ခွဲခြားထားရှိပါသည်။

လွန်ခဲ့သော ၅ နှစ်အတွင်း ထိုင်းနိုင်ငံသည် Tier 3 အဆင့်မှ Tier 2 WL နှင့် Tier 2 အဆင့်များသို့ အဆင့်တိုးမြှင့်ခံခဲ့ရပါသည်။ ၎င်းသည် ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ ထိန်းချုပ်ဆောင်ရွက်မှုများတွင် ကျေနပ်ဖွယ်ကောင်းသော တိုးတက်မှုများရရှိရန် ဆက်လက် ဆောင်ရွက်နေကြောင်း ပြသခဲ့ပါသည်။ ထိုင်းအစိုးရသည် ထိုကဲ့သို့တိုးတက်လာမှုအား အသိအမှတ် ပြုခဲ့ပြီး လူကုန်ကူးမှုပြဿနာများကို အမြစ်ပြတ်ချေမှုန်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးမူဝါဒသည် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်လာခဲ့သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေး အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ပိုမိုကောင်းမွန်သော ရလဒ်များ ထွက်ပေါ်ခဲ့သည်။ Tier 2 သို့ အဆင့်တိုးမြှင့်လိုက်ခြင်းသည် ထိုင်းနိုင်ငံအတွက် အမေရိကန်၏ ဦးစားပေးကုန်သွယ်မှုလုပ်ငန်းများနှင့် အရေးတကြီးဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပြဿနာများ အပေါ် သက်ရောက်မှုမရှိနိုင်ခြင်းမှာ အလုပ်သမား၊ လူမှုရေးနှင့် လူ့အခွင့်အရေးတို့ကဲ့သို့သော အခြားပြဿနာများစွာနှင့် ဆက်စပ်နေသောကြောင့်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် Tier 3 သို့မဟုတ် Tier 2WL အဆင့်တွင် ကာလကြာရှည်စွာရှိနေခြင်းကြောင့် ၎င်း၏ ကုန်သွယ်ဖက်များထံမှ ကုန်သွယ်မှုတားမြစ်ခံရမည့် ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရချိန်တွင် နိုင်ငံ၏ပုံရိပ်ကိုမလွဲမသွေ ညှိုးနွမ်းထိခိုက်စေမည်ဖြစ်ပါသည်။

၂၀၁၅-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၂၀၀၈ ခုနှစ်၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေအရ တရားရုံးမှစီရင်ချက်ချခဲ့သော ပြစ်မှုကျူးလွန်သည့် တရားခံအရေအတွက်ကို အောက်တွင် ဖော်ပြ ထားသည်။

၂၀၁၅-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တရားရုံးမှစီရင်ချက်ချသည့် တရားခံအရေအတွက်သည် ၂၀၁၅-၂၀၁၇ ဘဏ္ဍာရေးနှစ်ထက် မြင့်တက်လာခဲ့ပြီး ၂၀၁၈ တွင် ကျဆင်းသွားကာ ၂၀၁၉ တွင် ထပ်မံမြင့်တက်လာကြောင်း အထက်ပါ ဇယား ၃ တွင် ဖော်ပြထားသည်။ ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တရားရုံးတရားခွင်သို့ ရောက်ရှိလာသည့်အမှုအရေအတွက်မှာ ကျဆင်းသွားကြောင်း Graph 2 တွင်ကိန်းဂဏန်းအချက်အလက်များဖြင့် ပြသထားသည်။ ထို့ကြောင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အလားတူကာလများထက် ပို၍ပြစ်မှုထင်ရှားစီရင်ခြင်းမှာ အမှုတိုင်းတွင် တရားခံအရေအတွက် တိုးလာခြင်းကြောင့်ဖြစ်နိုင်သည်။ တရားရုံးသို့ တရားစွဲတင်ပို့သည့်အမှုအရေအတွက် လျော့နည်း လာသည့်တိုင်အောင် ပြစ်မှုကျူးလွန်သူများနှင့် ၎င်းတို့၏ အပေါင်းအပါများအား ပိုမိုဖမ်းဆီး နိုင်ရန် အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များ၏ အရည်အသွေးများပိုမိုပြည့်ဝရမည်ဟု မှတ်ယူရမည်။

ထိုင်းနိုင်ငံသားတရားခံအရေအတွက်မှာ အခြားနိုင်ငံသားတရားခံများထက် ပိုများနေပြီး အမျိုးသမီးတရားခံများသည် အမျိုးသားတရားခံများထက် ပိုများနေသည်။ အခြားနိုင်ငံသား တရားခံ များမှာ ပျမ်းမျှအားဖြင့် အမျိုးသားတရားခံများဖြစ်ကြပါသည်။

၂။ ထိုင်းနိုင်ငံ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု

တရားရုံးစစ်ဆေးမှုအားလုံးတွင် ၂၀၀၈ ခုနှစ်၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေပါ အမှုအရေအတွက်နှင့် ၂၀၁၅ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ တရားရုံးစီရင်ချက်အရေအတွက်တို့ကို အောက်ပါအတိုင်း တင်ပြထားပါသည်။

သတ်မှတ်ကာလတစ်ခုတွင်ဖြစ်ပွားခဲ့သော တရားရုံးသို့တင်ပို့ခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ် အမှုအရေအတွက်များကို အညွှန်းကိန်းတစ်ခုအနေဖြင့် အသုံးပြုနိုင်ပါသည်။ ၂၀၁၅ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တရားရုံးသို့စွဲတင်ခဲ့သည့်အမှုအရေအတွက်နှင့် တရားရုံးမှ စီရင်ချက်ချမှတ်ခဲ့သည့် အမှုအရေအတွက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တရားရုံးသို့ စွဲတင်ခဲ့သည့် အမှုအရေအတွက်ထက် ပို၍များပြားခဲ့သည်။ ၂၀၁၅-၂၀၁၇ ဘဏ္ဍာရေးနှစ်ကာလနောက်ပိုင်း တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ၎င်းတို့၏စစ်ဆင်ရေးများကို လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ တိုးမြှင့်ဆောင်ရွက်ခဲ့သည့်အတွက် ရလဒ်အနေဖြင့် တရားရုံးသို့ တင်ပို့သည့် အမှုအရေအတွက်မှာ ပိုမိုများပြားလာခဲ့ကြောင်းကို ပြသနိုင်ခဲ့သည်။ ၎င်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း Tier 3 မှ Tier 2WL သို့ အဆင့်မြင့်တက်လာခဲ့ခြင်းနှင့် ကိုက်ညီနေပါသည်။ ၂၀၁၇ ခုနှစ်မှစတင်၍ ထိုင်းနိုင်ငံသည် ၎င်း၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေစိုးမိုးရေးလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လူကုန်ကူးမှုများလျော့နည်းလာခြင်းနှင့် တရားရုံးသို့ တရားစွဲတင်ပို့ရသည့်အမှုအရေအတွက်များ နည်းပါးစေခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

၃။ လူကုန်ကူးမှုဆိုင်ရာမှုခင်းများနှင့်ပတ်သက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်မှုများ

၂၀၀၈ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေအရ လူကုန်ကူးမှုဆိုင်ရာပြစ်မှုများ သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေအရ လိင်ပိုင်းဆိုင်ရာပြစ်မှုများ သို့မဟုတ် ကလေးသူငယ်များ၊ အရွယ်မရောက်သေးသူများအား ခိုးယူမှု သို့မဟုတ် ပြည့်တန်ဆာတားဆီးနှိမ်နင်းရေးဥပဒေဆိုင်ရာ ပြစ်မှုများအား ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုအဖြစ် ထိုင်းနိုင်ငံ၏ ၁၉၉၉ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (၂) အရ သတ်မှတ်ထားပါသည်။ ထို့ကြောင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံး (AMLO) သည် ပြစ်မှုကျူးလွန်သူများ၏ တရားမဝင်သောငွေကြေးများကို အသုံးပြု၍ ဆင့်ကဲပြစ်မှုများ ကျူးလွန်ခြင်းမှကာကွယ်ရန်အတွက် ပြစ်မှုကျူးလွန်မှုများနှင့်ဆက်နွယ်သည့် ပိုင်ဆိုင်မှုများအား ယာယီသိမ်းဆည်းခြင်း သို့မဟုတ် ထိန်းချုပ်ကန့်သတ်ခြင်း များ ပြုလုပ်၍ တရားမကြောင်းအရ သိမ်းဆည်းရာတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။

လွန်ခဲ့သော ၅ နှစ် (၂၀၁၄-၂၀၁၉ ဘဏ္ဍာရေးနှစ်) တွင် AMLO သည် လူကုန်ကူးမှုအများအပြားတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို အကြောင်းပြု၍ အရေးယူ ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး အခြားတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်လည်း ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းအချက်အလက်များကို မျှဝေခဲ့ပါသည်။ အဆိုပါလုပ်ဆောင်ချက်သည် လူကုန်

ကူးမှုနှင့်ဆက်နွယ်သည့် ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းများတွင် အကျိုးသက်ရောက်မှုရရှိစေခဲ့ပါသည်။ လူကုန်ကူးသည့်ပြစ်မှုပုံစံများအား အောက်ပါဇယား ၃ တွင် အသေးစိတ်ဖော်ပြထားပါသည်။

**၄။ ၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ၁၉၉၉ ခုနှစ်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ လူကုန်ကူးမှုနှင့်ဆက်နွယ်သော ပိုင်ဆိုင်မှုများအား သိမ်းဆည်းခြင်း**

၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ၁၉၉၉ ခုနှစ်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ လူကုန်ကူးမှုနှင့်ဆက်နွယ်သော ပိုင်ဆိုင်မှုများအား သိမ်းဆည်းခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ စိစစ်ချက်အရ လွှဲပြောင်းဆောင်ရွက်ရေးကော်မတီမှ ပုဒ်မ ၃ (၂) အရ ပြစ်မှုနှင့် ဆက်နွယ်သည့် လွှဲပြောင်းမှု သို့မဟုတ် ပိုင်ဆိုင်မှုများကို စုံစမ်းစစ်ဆေးရန် လွှဲပြောင်းဆောင်ရွက်ရေးကော်မတီမှ တာဝန်ပေးအပ်ခဲ့သည့် အမှုအရေအတွက် စုစုပေါင်း ၁၆၂ မှု အပြင် အခြားငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့်ပြစ်မှု သို့မဟုတ် ငွေကြေးခဝါချမှု စုစုပေါင်း ၁၁ မှု ပါဝင်ပါသည်။ လွှဲပြောင်းဆောင်ရွက်ရေးကော်မတီမှ ပုဒ်မ ၃ (၂) အရ ထိုင်းငွေ ၈၄၂,၅၈၄,၁၉၂.၂၇ ဘတ်တန်ဖိုးရှိ ပိုင်ဆိုင်မှုများအပြင် အခြား ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့်ပြစ်မှု သို့မဟုတ် ငွေကြေးခဝါချမှုမှ ထိုင်းငွေ ၂၃,၇၆၁,၄၀၉.၂၁ ဘတ်တန်ဖိုးရှိပိုင်ဆိုင်မှုများအား အောက်ပါဇယား ၄ တွင် ပြထားသည့်အတိုင်း သိမ်းဆည်းမိန့် သို့မဟုတ် ထိန်းချုပ်ကန့်သတ်မိန့် ထုတ်ပြန်ခဲ့ပါသည်။

အထက်ပါ ဇယား ၄ တွင် ပြထားသည့်အတိုင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပုဒ်မ ၃ (၂) အရ တာဝန်ပေးအပ်စစ်ဆေးစေမှု အရေအတွက် သိသာစွာတိုးတက်လာခဲ့ပါသည်။ နောက်ပိုင်း ၂၀၁၇ မှ ၂၀၁၉ ဘဏ္ဍာရေးနှစ်များတွင် တာဝန်ပေးအပ်စစ်ဆေးစေမှု အရေအတွက် ၂၈ ခုမှ ၃၇ ခုအထိ တိုးတက်လာခဲ့ပါသည်။

အထက်ပါ ဇယား ၅ တွင် ပြထားသည့်အတိုင်း၊ ၂၀၁၅-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ပုဒ်မ ၃ (၂) အရ သိမ်းဆည်းထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှုတန်ဖိုးများ သိသာစွာတိုးတက်လာခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမူဝါဒနှင့်အညီ တရားမကြောင်းနည်းလမ်းဖြင့် အရေးယူဆောင်ရွက်မှုများပြုလုပ်ကာ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ် အများအပြားကို သိမ်းဆည်းနိုင်ခြင်းသည် AMLO ၏ စွမ်းဆောင်နိုင်မှုကြောင့် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အခြားသောတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ သို့မဟုတ် အခြားဥပဒေပါ ပြဋ္ဌာန်းချက်များအရ တင်းကြပ်သောတားဆီးနှိမ်နင်းမှုများပြုလုပ်ခြင်းကြောင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် AMLO မှ သိမ်းဆည်းထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှုတန်ဖိုးအရေအတွက်များသည် သိသာစွာ ကျဆင်းသွားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ချမှတ်ထားသော မူဝါဒများ၊ အစီအမံများနှင့် မဟာဗျူဟာများအရ ၂၀၁၅-၂၀၁၉ ခုနှစ်ကာလအတွင်း လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး လုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တက်ကြွစွာကြိုးပမ်းဆောင်ရွက်မှုများကို ပြသနိုင်ခဲ့


သည့်အတွက် Tier 3 အဆင့်မှ Tier 2 WL အဆင့်ထိ နှင့် Tier 2 အဆင့်သို့ အဆင့်မြှင့်တင်နိုင်ခဲ့သည်။ သို့သော်လည်း လူကုန်ကူးမှုပြဿနာသည် အလုပ်သမားနှင့် လူမှုရေးစသည့် အခြားသော ပြဿနာများနှင့် ရောယှက်နေသဖြင့် နိုင်ငံ၏ကုန်သွယ်မှုဖက်များထံမှ ကုန်သွယ်မှုတားမြစ်ခံရသည့် အချက်ကိုလည်း ဖြစ်စေနိုင်ပါသည်။

ထိုင်းနိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (AMLO) သည် ပြစ်မှုကျူးလွန်သူများ၏ တရားမဝင်သောငွေကြေးများကို အသုံးပြု၍ ဆင့်ကဲပြစ်မှုများကျူးလွန်ခြင်းမှ ကာကွယ်ရန်အတွက် လူကုန်ကူးမှုနှင့်ဆက်နွယ်သော ငွေကြေးလည်ပတ်စီးဆင်းမှုများ သို့မဟုတ် ငွေကြေးအရင်းအမြစ်များကိုဟန့်တားရန် တရားမကြောင်းအရ နိုင်ငံဘဏ္ဍာသိမ်းဆည်းခြင်းကဲ့သို့ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအာဏာပိုင်များမှလည်း နိုင်ငံဖြတ်ကျော်မှုခင်းများအပါအဝင် လူကုန်ကူးမှုကျူးလွန်သူများအား ပြင်းထန်သောအပြစ်ပေးအရေးယူမှုများ ပြုလုပ်သွားရမည်ဖြစ်ပါသည်။

Anti-Money Laundering Office
422 Phayathai Road, Wang Mai Sub-district, Pathumwan District, Bangkok 10330

1. Human trafficking in Thailand

Human trafficking is a very heinous crime that seriously affects public order and good morals, violates human right and erodes human dignity. The matter is of global significance and it triggered international trade sanctions. The Trafficking in Persons Report - TIP Report 2019 - prepared by the US Department of State placed Thailand in Tier 2 which remained unchanged from the previous year. Designating a Tier of countries in the TIP Report is based on their perceived efforts to combat human trafficking on their compliance with standards outlined in the Trafficking Victims Protection Act (TVPA) of 2000[1]. From 2012 - 2019 Thailand had been assessed for a Tier ranking as follows[2]:




*Graph1 Thailand Tier ranking from 2012 – 2019*

Graph 1 above showed that Thailand had languished in the lowest *Tier 3* category in 2014 – 2015, a category in which governments do not fully comply with the TVPA's minimum standards and are not making significant efforts to do so. In 2016 and 2017, the US upgraded Thailand to *Tier 2WL* or Tier 2 Watch List a category in which governments do not fully comply with the minimum standards, but are making significant efforts to bring themselves into compliance with those standards. However, the absolute number of victims of severe forms of trafficking is significantly increasing, or there is a failure to provide evidence of increasing efforts to combat severe forms of trafficking in persons.


In 2018 and 2019, Thailand was upgraded to *Tier 2,* a category in which governments do not fully comply with minimum standards, but are making significant efforts to bring themselves into compliance with those standards. The 2019 TIP Report reviewed

---

[1]Royal Thai Embassy, Washington DC. **US Trafficking Victims Protection Act: Why Thailand ranked in Tier 3 in the past year.** Search on 22 January 2010: https://th-th.facebook.com/Thaiembdc/posts/979796095366743

[2]Department of State. United States of America. (2019). **Trafficking in Persons Report June 2019**. Search on 22 January 2010: https://www.state.gov/wp-content/uploads/2019/06/2019-Trafficking-in-Persons-Report.pdf

situations and the efforts to combat human trafficking in ASEAN countries and placed the countries in the following Tier:




*Map showing ASEAN countries and Tier designation related to situations and the efforts to curb human trafficking (TIP Report 2019)*

As shown in the Map above, Thailand was ranked in the same group with Singapore, Indonesia and Timor-Leste. Other countries were listed in the following Tier:

| Tier 1 | | Tier 2WL | Tier 3 |
|---|---|---|---|
| • ฟิลิปปินส์ | • ไทย | • ลาว | • พม่า |
| | • สิงคโปร์ | • เวียดนาม | |
| | • อินโดนีเซีย | • กัมพูชา | |
| | • ติมอร์-เลสเต | • บรูไน | |
| | | • มาเลเซีย | |


Over the past 5 years Thailand has been upgraded from Tier 3 to Tier 2WL and Tier 2. It demonstrated that *Thailand continues to make satisfactory progress in curbing human trafficking problems*. The Thai government has recognized and been determined to eradicate this pressing issue. Anti-human trafficking policy has become the national agenda in 2015. Concerted efforts of all the anti-human trafficking law enforcement agencies resulted in greater development. Although the upgrade to Tier 2 would not have effects on the US trade preferences for Thailand, human trafficking remains a pressing issue because it is linked to many other problems, e.g. labor, social and human right, etc. Prolonged remaining in Tier 3 or Tier 2WL would inevitably tarnish the country's image while facing a threat of a trade ban from its trading partners.

The number of defendants committing crimes under the Anti-Human Trafficking Act 2008 which had been sentenced by court in Fiscal Year 2015 - 2019 is shown below.

| Fiscal Year | Thais | | Other nationals | |
|---|---|---|---|---|
| | Male | Female | Male | Female |
| 2015 | 97 | 129 | 20 | 8 |
| 2016 | 211 | 252 | 12 | 6 |
| 2017 | 317 | 347 | 40 | 26 |
| 2018 | 319 | 279 | 19 | 25 |
| 2019 | 332 | 305 | 20 | 25 |
| Total | 1,276 | 1,312 | 111 | 90 |

*Table 2 number of defendants committing crimes under the Anti-Human Trafficking Act 2008 which had been sentenced by court in Fiscal Year 2015 – 2019*

Information in Table 2 is illustrated in bar chart below.




*Graph3 number of defendants committing crimes under the Anti-Human Trafficking Act 2008 which had been sentenced by court in Fiscal Year 2015 - 2019*

Graph 3 above showed that the number of defendants sentenced by court in Fiscal Year 2015 – 2019 had risen from Fiscal Year 2015 – 2017, fallen in 2018 and risen again in 2019. Statics showed that in Fiscal Year 2019 the number of cases brought to court trial fell. (See Graph 2). Therefore the reason for the rise of number of conviction over the same period in Fiscal Year 2019 was possibly due to increased number of defendants in each case. It was also attributable to more efficiency in anti-human trafficking law enforcement, leading to more arrests of offenders and associates or the principals even though the number of cases brought to court trial may reduce.

The number of defendants of Thai nationals was higher than other nationality, and females outnumbered males. For other nationals, the defendants were mainly males in average.


## 2. Anti-human trafficking law enforcement in Thailand

The number of cases under the Anti-Human Trafficking Act 2008 under all court trials, and the number of court rulings from Fiscal Year 2015 - 2019 are presented as follows[3]:

| Fiscal Year | No. of cases trialed[4] | No. of court rulings[5] |
|---|---|---|
| 2015 | 223 | 202 |
| 2016 | 669 | 429 |
| 2017 | 793 | 579 |
| 2018 | 689 | 491 |
| 2019 | 650 | 455 |
| Total | 3,024 | 2,156 |

*Table 1 No. of case trailed in court and No. of court rulings from Fiscal Year 2015 - 2019*

Information in Table 1 is illustrated in the bar chart below.




*Graph 2 No. of case trailed in court and No. of court rulings from Fiscal Year 2015 - Fiscal Year 2019*

The number of cases brought to court trials may be used as an indicator showing the phenomenon of human trafficking at certain period of time. Graph 2 above showed that the number of cases brought to court trials and number of court rulings in Fiscal Year 2015 - 2017 had risen before dropping in Fiscal Year 2018 – 2019. The trend possibly demonstrated that over the period of Fiscal Year 2015 - 2017 the law enforcement authorities hiked their operations pursuant to the anti-human trafficking law resulting in higher number of cases trialed in court. This matched with Thailand's upgrade from Tier 3 to Tier 2WL over said period. Since 2017 Thailand efficiently performed its anti-human trafficking law enforcement, mitigating human trafficking, and lessening the number of cases brought to court.

---

[3] Plan and Budget Bureau. Court of Justice. Statistic Report on Crime against the Anti-Human Trafficking Act 2008. Search on 11 November 2019 จาก https://oppb.coj.go.th/th/content/category/articles/id/8/cid/2097

[4] Aggregated number of pending and new cases

[5] Aggregated number of cases ruled, dismissed, and amortized by court decision

3. Enforcement of anti-money laundering law against human trafficking crime

Human trafficking offense under the Anti-Human Trafficking Act 2008 or offense of sexuality under the Penal Code or offence of taking away a child or a minor or offense under the law on prevention and suppression of prostitution are predicate offenses under Section 3 (2) of the Anti-Money Laundering Act 1999. The Anti-Money Laundering Office (AMLO) thus has an important role to play in pursuing civil forfeiture measures by provisional seizing or restraining of assets connected with the commission of the offenses that would lead to confiscation and disruption of the cycle or source of funds, thus, preventing the criminal from using ill-gotten money for furtherance of crimes.

In the past 5 years (Fiscal Year 2014 – 2019) AMLO has undertaken actions by virtue of the anti-money laundering law in several human trafficking cases, and shared financial transaction information with other law enforcement agencies. This resulted in seizure or freezing of assets connected with human trafficking offense. Types of human trafficking cases are detailed in Table 3 below.

| Fiscal Year | Types of case |
|---|---|
| 2014 | 1. Exploitation of Prostitution |
| 2015 | 1. Exploitation of prostitution<br>2. Bringing or harboring or assisting aliens to enter the Kingdom without permission |
| 2016 | 1. Exploitation of prostitution<br>2. Bringing aliens into the Kingdom including minors aged less than 18 without permission<br>3. Detaining or confining aliens and demanding money from the victim's relatives |
| 2017 | 1. Exploitation of prostitution<br>2. Forced labor on fishing boats |
| 2018 | 1. Bringing aliens into the Kingdom without permission, detaining or confining the persons<br>2. Exploitation of prostitution<br>3. Forced labor or service<br>4. Producing or distributing pornographic materials<br>5. Other sexual exploitation |
| 2019 | 1. Exploitation of prostitution<br>2. Forced labor |

*Table 3 Types of human trafficking offenses which are predicate offenses under Section 3 (2) of the Anti-Money Laundering Act 1999 undertaken by AMLO in Fiscal Year 2014 - 2019*


4. Forfeiture/ seizure of assets connected with human trafficking offense pursuant to the Anti-Money Laundering Act 1999 from Fiscal Year 2014 -Fiscal Year 2019

From information analyses concerning forfeiture of assets connected with human trafficking offense under the anti-money laundering law in Fiscal Year 2014 – 2019, it revealed to us that the number of cases assigned by the Transaction Committee to inquire into transactions or assets connected with the offense under Section 3 (2) totaled 162 orders; under Section 3 (2) plus other predicate offenses or ML offense totaled 11 orders. The Transaction Committee ordered seizure or restraint of assets under Section 3 (2) valuing 842,584,192.27 baht; and under Section 3(2) plus other predicate offenses or ML offense valuing 23,761,409.21 baht as shown in Table 4 below.

| Fiscal Year | No. of Assignment Orders | | No. of Asset Seizure or Restraint Orders | | | | | |
|---|---|---|---|---|---|---|---|---|
| | S.3 (2) | S.3 (2) Plus other predicate offenses or S. 5 (ML) | S.3 (2) | | | S.3 (2) Plus other predicate offenses or S. 5 (ML) | | |
| | | | No. of Matter | No. of Case | Value (baht) | No. of Matter | No. of Case | Value (baht) |
| 2014 | 23 | - | 1 | - | - | - | - | - |
| 2015 | 7 | 1 | - | - | - | 2 | - | 3,598,319.06 |
| 2016 | 35 | - | 10 | 5 | 80,630,782.17 | - | - | - |
| 2017 | 28 | 3 | 10 | 5 | 278,792,754.38 | 2 | 2 | 11,715,820.92 |
| 2018 | 37 | - | 7 | 5 | 474,256,412.00 | 3 | 1 | 8,447,269.23 |
| 2019 | 32 | 7 | 4 | 4 | 8,904,243.72 | - | - | - |
| Total | 162 | 11 | 32 | 16 | 842,584,192.27 | 7 | 3 | 23,761,409.21 |

*Table 4 Number of Assignment Orders to examine transactions linked to human trafficking offense and Asset Seizure or Restraint Order from Fiscal Year 2014 - Fiscal Year 2019*


The number of Assignment Orders in Table 3 is illustrated in the graph below.




*Graph 4 Number of Assignment order under Section 3 (2) and Section 3 (2) plus other predicate offenses or Section 5 (ML) from Fiscal Year 2014 - Fiscal Year 2019*

As shown in Graph 4 above, from Fiscal Year 2015 – 2016, the number of Assignment Orders under Section 3 (2) had evidently increased. Later from Fiscal Year 2017 – 2019, the Orders surged over 28 - 37 orders.

Value of assets seized or frozen is illustrated in the graph below.




*Graph 5 value of assets seized or frozen under Section 3 (2) and Section 3 (2) plus other predicate offenses or Section 5 (ML) from Fiscal Year 2014 - Fiscal Year 2019*

As shown in Graph 5 above, from Fiscal Year 2015 – 2018, values of assets seized or frozen under Section 3 (2) had evidently increased. This was attributable to AMLO capability to confiscate substantial proceeds of crime using civil measures in line with the prevention and suppression of human trafficking policy. Nonetheless, in Fiscal Year 2019, values of assets seized or frozen by AMLO had decreased substantially possibly owing to stringent suppression undertaken by other law enforcement agencies along with asset seizure by the provisions of the anti-human trafficking law or other laws.

In view of *policies, measures and strategies for anti-human trafficking*, it can be seen that Thailand had been upgraded from Tier 3 to Tier 2WL and Tier 2 in the 2015 - 2019 period which demonstrated its attempts to prevent and suppress human trafficking crime as well as to pursue a proactive course of actions in compliance with international standards. But it is also the fact that human trafficking issue is intertwined with many other problems, e.g. labor and social, that could result in a trade ban from the country's trade partners. Thailand must continue to proactively drive its anti-human trafficking measures; law enforcement authorities must take strong criminal actions against human traffickers, including transnational cases; AMLO as Thailand FIU could pursue civil forfeiture measure against the human trafficking ring to disrupt the cycle or source of funds, thus, preventing the criminals from using ill-gotten money for furtherance of crimes.

-----------------------------------------------------